# ဝိဇ္ဇာဓရနည်းပညာဖြင့် မြွေဆိပ်ကုသမှုလေ့လာတွေ့ရှိချက်

မိုးကျော်
မန္တလေးတိုင်းဆေးရုံကြီး

မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြစ်သည့် နယကြီး(၄)ပါးအနက် ဝိဇ္ဇာဓရနည်းပညာဖြင့် မြွေဆိပ်ဖော်စပ်ပုံ ဖော်စပ်နည်းများကို လေ့လာဆွေးနွေးတင်ပြထားပါသည်။ ၎င်းမြွေအဆိပ်ဖြေဆေးဖြင့် မြွေပွေး၊ မြွေဟောက်တို့၏အဆိပ်ကုသပုံ ကုသနည်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ မြွေဆိုးများ၏ အဆိပ်လက္ခဏာများ၊ သွေးအဆိပ်ကို ဖြစ်စေသောမြွေ၊ နာဗ်ကြောများကို ပျက်စီးစေတတ်သော မြွေအမျိုးအစား လေ့လာတွေ့ရှိချက်များကို ဖော်ပြထားပါသည်။ မြွေဆိပ်ဖြေဆေးကို ခေတ်မီနည်းပညာဖြင့် သုတေသနပြုပြီး ကောင်းမွန် တိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်သူလူထုအတွက် အကျိုးရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။